# အမြတ်ခွန်ကိစ္စ ဆိုင်ကယ်ပိုင်ရှင်များ မကျေနပ်

NEJ / ၁၂ စက်တင်ဘာ ၂၀၀၆ / ၁၇း၅၀

ပိုင်ရှင်အမည်ပေါက် ဆိုင်ကယ်များကို အခွန်ကောက်ခံမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန၏ ကြေညာချက်အပေါ် ဆိုင်ကယ်ပိုင်ရှင်များက မကျေမနပ်ဖြစ်နေကြသည်ဟု ပဲခူးမြို့မှ အခွန်ဦးစီးမှူးတဦးကပြောသည်။

ဆိုင်ကယ်ရောင်းမှသာ ရောင်းသူကို အမြတ်ခွန်ကောက်ခံရမည်ဖြစ်ပြီး ယခုမူ ကိုယ်ပိုင်အမည်နှင့်ပိုင်ဆိုင်သည့် ဆိုင်ကယ်အတွက် ကောက်ခံမည်ဖြစ်၍ မကျေနပ်ကြခြင်းဖြစ်သည်ဟု ထိုအခွန်ဦးစီးမှူးက ရှင်းပြသည်။

၎င်းက "ဆိုင်ကယ်ကို လက်လွှဲရောင်းစားတော့မှသာ နောက်လူနာမည်နဲ့ မှတ်ပုံတင်ဖို့အတွက် အမြတ်ခွန်ဆိုတာကို ဆောင်ရမှာ။ ဆိုင်ကယ်အများစုဟာ ပိုင်ရှင်အမည်ပေါက်တွေ၊ ဘာအကြောင်းကြောင့် အခွန်ကောက်ရသလဲဆိုတာ နားမလည်နိုင်ဘူး" ဟုပြောသည်။

ဆိုင်ကယ်ပိုင်ရှင်များကို အမြတ်ခွန်စည်းကြပ်မည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက ယခင်လ (၂၄) ရက်တွင် ထုတ်ပြန်ကြေညာပြီး ယခုလဆန်းမှ စတင်ကောက်ခံနေပြီဖြစ်သည်။

အမြတ်ခွန်စည်းကြပ်မည့် နှုန်းထားများမှာ ဆိုင်ကယ်တစီးလျှင် အနိမ့်ဆုံး ကျပ် (၄၀,၀၀၀) နီးပါးမှ အမြင့်ဆုံး ကျပ် (၁၈၀,၀၀၀) ကျော်အထိဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၏ ကြေညာချက်အရ သိရသည်။

တရားမဝင်ဆိုင်ကယ်များ တရားဝင်ပိုင်ရှင်အမည်ပေါက်ဖြစ်ရန်အတွက် မှတ်ပုံတင်နိုင်ရန် ၂၀၀၄ ခုတွင် ဆောင်ရွက်ပေးခဲ့ရာ ဆိုင်ကယ်အမျိုးအစားအလိုက် တစီးလျှင် ကျပ်ငါးသောင်းမှ တသိန်းခွဲအထိ ကျသင့်ခဲ့သည်။

ထိုကျသင့်ငွေမှာ ဆိုင်ကယ်တရားမဝင်တင်သွင်းမှုအတွက် အကောက်ခွန်ဌာနကိုပေးရသည့် အကောက်ခွန်ဒဏ်ကြေး၊ ပြည်တွင်းအခွန်ဦးစီးဌာနအတွက် ကုန်သွယ်ခွန်၊ ကညန (ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) အတွက် လိုင်စင်ခွန်၊ စည်/ပင်အတွက် ဘီးခွန်၊ အာမခံကြေးစသည်တို့အတွက် စုပေါင်းကောက်ခံခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုတွင် ဆိုင်ကယ်လိုင်စင်လုပ်ပေးခဲ့စဉ်က မန္တလေးတမြို့တည်း၌ပင် ဆိုင်ကယ်စီးရေ သိန်းချီရှိသဖြင့် အခွန်အခ ကျပ်ဘီလီယံနှင့်ချီပြီး ရရှိခဲ့ကြောင်း၊ ထိုအချိန်က သာမန်လူလတ်တန်းစား အလုပ်သမားများပင် ကျပ်တသိန်း၊ တသိန်းခွဲတန် တရုတ်ဆိုင်ကယ်အဟောင်းများကိုဝယ်ပြီး လိုင်စင်လုပ်ကာ စီးခဲ့ကြသည်ဟု မန္တလေးမြို့မှ အမည်မဖော်လိုသူ အခွန်ဦးစီးမှူးတဦးကပြောသည်။

၎င်းက "အခုကြေညာချက်အရ ဆိုင်ကယ်တွေကို အခွန်စည်းကြပ်မယ့်အထဲ တနေ့လုပ်တနေ့စား အလုပ်သမားတွေရဲ့ အလွန်ဟောင်းနွမ်းနေတဲ့ ဆိုင်ကယ်တွေပါနေတယ်။ အထက်အာဏာပိုင်တွေရဲ့ အမိန့်အရ ဝင်ငွေတိုးရေးတခုတည်းကိုပဲကြည့်ပြီး အခုလို ဆင်းရဲနွမ်းပါးသူတွေပါမရှောင် အခွန်စည်းကြပ်တာဟာ ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ ဂုဏ်ယူရမလား၊ ရင်နာရမလားဆိုတာ မေးစရာဖြစ်နေပြီ" ဟုပြောသည်။

ဆိုင်ကယ်များကို အခွန်ကောက်ခံမှုနှင့်ပတ်သက်ပြီး ပြည်တွင်းအခွန်ဦးစီးအရာရှိများကြားတွင်လည်း သဘောထားကွဲလွဲနေကြကြောင်း ထိုအခွန်မှူးကပြောသည်။

စစ်အစိုးရက ဆိုင်ကယ်ပိုင်ရှင်များကို ထပ်မံအခွန်စည်းကြပ်လိုက်သောကြောင့် ငွေမတတ်နိုင်သူများ အခက်အခဲတွေ့ကြမည်ဖြစ်ပြီး ဆိုင်ကယ်ပေါက်ဈေးများလည်း ကြီးမြင့်လာမည်ဟု ဆိုင်ကယ်ရောင်းဝယ်သူများက ဝေဖန်သည်။

အစိုးရက ၂၀၀၄ မေနှင့် ဇွန်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြုလုပ်ပေးပြီးနောက်ပိုင်း ဆိုင်ကယ်တင်သွင်းခွင့်ကို ဆက်လက်ပိတ်ပင်ထားသဖြင့် ၂၀၀၄ ခုတွင် ကျပ် (၃) သိန်းခန့်တန်သည့် တရုတ်ဆိုင်ကယ်တစီးသည် ယနေ့ ကျပ် (၁၀) သိန်းကျော် ဈေးပေါက်နေပြီဖြစ်သည်။ ၂၀၀၄ ခုတွင် ကျပ် (၁၃) သိန်းခန့်ပေးရသည့် ထိုင်းနိုင်ငံလုပ် ၁၂၅–ဟွန်ဒါဒရင်းမ်ဆိုင်ကယ်သည် ယခု ကျပ်သိန်း (၃၀) ကျော် ဈေးပေါက်နေပြီဖြစ်သည်။ ■